# Fourth Sunday of Advent (A)

## 1st READING: *Isaiah 7:10-14*

ဟေရှာယအနာဂတ္တိကျမ်း။ ၇း ၁၀–၁၄

တဖန်ထာဝရဘုရားက၊ သင်၏ဘုရားသခင်ထာဝရဘုရားထံမှာ နိမိတ်လက္ခဏာကိုတောင်းပန်လော့။ နက်သောအရပ်၌ ဖြစ်စေ၊ မြင့်သောအထက်အရပ်၌ဖြစ်စေ၊ တောင်းပန်လော့ဟု အာခတ်မင်းကို မိန့်တော်မူလျှင်၊ အာခတ်မင်းကကျွန်ုပ်မ တောင်းပန်ပါ။ ထာဝရဘုရားကိုမစုံစမ်းပါဟုပြန်ပြော၏။ ထိုအခါ ဟေရှာယက၊ အိုဒါဝိဒ်အမျိုးသားတို့၊ နားထောင်ကြလော့။ သင်တို့သည် လူကိုငြီးငွေ့စေသည်သာမက၊ ငါကိုးကွယ်သောဘုရားသခင်ကို ငြီးငွေ့စေကြမည်လော့။ ထိုကြောင့်၊ ထာဝရဘုရားသည် ကိုယ်တော်တိုင် နိမိတ်လက္ခဏာကို သင်တို့အားပေးတော်မူမည်။ ကြည့်ရှုလော့။ သတို့သမီးကညာသည်၊ ပဋိသန္ဓေယူ၍၊ သားယောကျ်ားကို ဘွားမြင် လတံ့။ ထိုသားကို မောန္နေလအမည်ဖြင့် မှည့်ရလတံ့။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalm  24:1-2, 3-4, 5-6

ဆာလံကျမ်း ၂၄

**သံပြိုင်**။ ။ဘုန်းကြီးသောဘုရင်ကြွဝင်နိုင်ရန်ဖွင့်ပေးကြလော့။ဘုန်းကြီးတော်မူသောရှင်ဘုရင်သည်ကောင်းကင်ဗိုလ်ခြေ
တို့၏အရှင်ထာဝရဘုရားပင်ဖြစ်တော်မူသတည်း။
R. **Let the Lord enter; he is king of glory.**

၁။ ။ထာဝရဘုရားသည်မြေကြီးနှင့်မြေကြီးပေါ်ရှိလူသတ္တဝါတို့ကိုလည်းကောင်း၊လောကနှင့်လောကတွင်ရှိသောအရာ
တို့ကိုလည်းကောင်းပိုင်တော်မူ၏ ။အကြောင်းမူကား၊ကိုယ်တော်သည်ကမ္ဘာမြေကြီးကိုပင်လယ်များပေါ်တွင်အုတ်မြစ်ချ
တော်မူ၍၊ မြစ်များပေါ်တွင်တည်ဆောက်တော်မူ၏ ။ **သံပြိုင်**။
The LORD's are the earth and its fullness; the world and those who dwell in it. For he founded it upon the seas and established it upon the rivers.

၂။ ။ ထာဝရဘုရား၏တောင်တော်ပေါ်သို့မည်သူတက်ရလိမ့်မည်နည်း။ကိုယ်တော်၏သန့်ရှင်းရာဌါနတွင်မည်သူနေရ
လိမ့်မည် နည်း။အပြစ်ကင်းစင်သောလက်များနှင့်စင်ကြယ်သောနှလုံးသားရှိသူမိမိ၏ဝိညာဉ်ဖြင့်မှားယွင်းသည်အရာများ
ကိုမဆည်းကပ်သူကောက်ကျစ်စဉ်းလဲစွာကျိန်ဆိုခြင်းမပြုသူပင်ဖြစ်၏ ။ **သံပြိုင်**။
Who can ascend the mountain of the LORD? or who may stand in his holy place? One whose hands are sinless, whose heart is clean, who desires not what is vain.

၃။ ။ ထိုသူသည်ထာဝရဘုရားထံတော်မှကောင်းချီးမင်္ဂလာနှင့်ကယ်တင်တော်မူသောဘုရားထံတော်မှအပြစ်ကင်း
စင်ကြောင်းအာမခံချက်ကိုလည်းကောင်းရရှိလိမ့်မည်။ထိုသို့သောလူမျိုးဆက်သည်ယာကုပ်၏ဘုရားမျက်နှာတော်ကိုရှာ
သောသူပင်ဖြစ် ၏ ။ **သံပြိုင်**။
He shall receive a blessing from the LORD, a reward from God his savior. Such is the race that seeks for him, that seeks the face of the God of Jacob.

## 2nd READING: Romans 1:1-7

ရောမမြို့သူမြို့သားတို့ထံ ရေးသောစာ။ ၁း ၁–၇

ယေရှုခရစ်တော်၏ အစေခံဖြစ်၍၊ဘုရားသခင်၏ ဧဝံဂေလိသတင်းကောင်းကိုကြေငြာရန်တမန်တော်အဖြစ်ရွေးချယ်ခန့်ထားခြင်းခံရသောငါပေါလုသည်သင်တို့ကိုစာရေးလိုက်သည်။ဘုရားသခင်သည်ထိုသခင်ကောင်းကိုရှေးအခါကပင်မိမိ၏ပရောဖက်များအားဖြင့်ကြိုဆိုကတိထားတော်မူကြောင်းကိုသန့်ရှင်းသောသမ္မာကျမ်းစာတော်မြတ်တွင်ဖော်ပြထားခဲ့၏။သတင်းကောင်းသည်ကား၊ဘုရားသခင်၏ သားတော်ငါတို့သခင်ယေရှုခရစ်တော်အကြောင်းပင်ဖြစ်၍၊ထိုသခင်သည်လူ့ဇာတိအားဖြင့်ဒေးဗစ်မင်းကြီးမှဆင်းသက်လာတော်မူခဲ့၏။ဘုရားဇာတိတော်တွင်မူကား၊ဘုရားသခင်သည်သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သူ့ကိုသေခြင်းမှရှင်ပြန်ထမြောက်စေသောကြောင့်ဘုရား၏ သားတော်ဖြစ်ကြောင်းထင်ရှားစေတော်မူခဲ့၏။ကိုယ်တော်အားဖြင့်ငါတို့သည်လူမျိုးအပေါင်းတို့အလယ်တွင်ကိုယ်တော်၏ နာမတော်အတွက်ယုံကြည်နာခံခြင်းကိုကြေငြာဟောပြောနိုင်လျှင်ကျေးဇူးတော်နှင့်တမန်တော်အဖြစ်ကိုခံယူရရှိခဲ့ကြ၏။သင်တို့သည်လည်းယေရှုခရစ်တော်၏ တပည့်များဖြစ်ရန်ရွေးကောက်ခြင်းခံရသူတို့တွင်အပါအဝင်ဖြစ်ကြ၏။ဘုရားသခင်ချစ်မြတ်နိုးတော်မူ၍၊သန့်ရှင်းသူများအဖြစ်ရွေးကောက်ခြင်းခံရသောရောမမြို့သူမြို့သားအပေါင်းတို့အပေါ်၌ငါတို့အဖဘုရားသခင်နှင့်ငြိမ်းချမ်းသာယာခြင်းသက်ရောက်ပါစေသော်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: *Mt 1:18-24*

ရှင်မာတေဦးဧဝံဂေလိကျမ်း။ ၁း ၁၈–၂၄

ခရစ်တော်ယေရှုဖွားမြင်တော်မူခြင်းကားဤသို့ဖြစ်သတည်း။ကိုယ်တော်၏မယ်တော်ဖြစ်သောမာရိယာသည်ဂျိုးဇက်နှင့်စေ့စပ်ထိမ်းမှန်းထားစဉ်အတူမပေါင်းသင်းမီသန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ပဋိသန္ဓေစွဲလျက်ရှိသည်ကိုတွေ့ရ၏။သူမ၏ခင်ပွန်းဂျိုးဇက်သည်ဖြောင့်မတ်သောသူတစ်ယောက်ဖြစ်သည်နှင့်အညီသူမအားအရှက်တကွဲမဖြစ်စေလိုသောကြောင့်တိတ်တဆိတ်စွန့်ခွာမည်ဟုရည်ရွယ်ခဲ့၏။ထိုသို့ကြံစည်နေခိုက်တွင်ထာဝရဘုရားသခင်၏ကောင်းကင်တမန်သည်အိပ်မက်၌ထင်ရှားပြ၍ဆိုသည်မှာဒေးဗစ်၏သားဂျိုးဇက်၊သင်၏ခင်ပွန်းမာရိယာကိုထိန်းသိမ်းစောင့်ရှောက်ရန်မကြောက်ရွံ့လေနှင့်။အကြောင်းမူကားသူမ၏ဝမ်းထဲ၌စွဲသောပဋိသန္ဓေသည်သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ဖြစ်၏။သူမသည်သားယောကျာ်းကိုဖွားမြင်လိမ့်မည်၊သူ၏အမည်ကိုယေရှုဟုသင်မှည့်ခေါ်ရလိမ့်မည်။အဘယ်ကြောင့်ဆိုသော်သူသည်မိမိလူမျိုးကိုသူတို့၏အပြစ်များမှကယ်ချွတ်မည့်သူဖြစ်သောကြောင့်တည်းဟုဆို၏။ဤအကြောင်းအရာအားလုံးသည်ကားထာဝရဘုရားသခင်သည်ပရောဖက်အားဖြင့်ပေးတော်မူခဲ့သောဗျာဒိတ်တော်ပြည့်စုံစေမည့်အကြောင်းဖြစ်သတည်း။ဗျာဒိတ်တော်ဟူမူကား"ကြည့်လော့၊သမီးကညာသည်ပဋိသန္ဓေစွဲယူ၍သားယောကျာ်းကိုဖွားမြင်လိမ့်မည်။သူ၏အမည်ကိုဧမာနူအဲလ်ဟုမှည့်ခေါ်ကြလိမ့်မည်။အဓိပ္ပာယ်မှာငါတို့နှင့်အတူရှိတော်မူသောဘုရားဟုဆိုလိုသတည်း။ဂျိုးဇက်သည်အိပ်ပျော်နေရာမှနိုးလာလျှင်ထာဝရဘုရား၏ကောင်းကင်တမန်တော်မိန့်မှာသည့်အတိုင်းပြု၍သူ၏ခင်ပွန်းမာရိယကိုထိန်းသိမ်းစောင့်ရှောက်လေ၏။ထို့နောက်သူမသည်သားဦးကိုဖွားမြင်သည့်တိုင်အောင်ဂျိုးဇက်သည်သူမကိုမပေါင်းသင်းဘဲနေလေ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။